## Vacancy Announcement

ကလေးသူငယ်များဖွံ့ဖြိုးရေးအသင်း(CFN)သည် ၂၀၀၃ ခုနှစ်မှ စတင် ပြီးယခုအချိန်ကာလအထိ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစီမံချက် များအား အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့ တစ်ရပ်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်လျှက်ရှိရာ ယခုအခါတွင် မန္တလေးတိုင်းဒေသကြီးအခြေပြု အကောင်အထည်ဖော်လျှက်ရှိသော ကလေးသူငယ်အခွင့်အရေး စီမံအုပ်ချုပ်မှု (Child Rights Governance) စီမံချက်အတွက် လစ်လပ်ဝန်ထမ်းနေရာ ကာလတိုအတွက် အမြန်ခေါ်ယူခန့်ထားရန်စီစဉ် လျှက်ရှိပါသည်။ သို့ဖြစ်ပါ သောကြောင့် အောက်ပါဖော်ပြပါ Position တွင် လျှောက်ထားလိုသူများအနေဖြင့် မည်သူမဆို မိမိ၏ ကိုယ်ရေးရာဇဝင်အကျဉ်း (CV Form) ဖြည့်ကာ သတ်မှတ် **E-mail** သို့ တိုက်ရိုက်ပေး ပို့လျှောက်ထားနိုင်ပါသည်။

လုပ်ငန်းလိုအပ်ချက်အရ **၂၀၂၄ ခုနှစ်၊** ဇူလိုင်လ **မှ စတင်ပြီး ကာလတိုခန့်အပ်**ရန် လိုအပ်ပါသောကြောင့် လျှောက်လွှာများ အနက်မှ သတ်မှတ်အရည်အချင်းပြည့်မှီသူများအား ဝန်ထမ်းရွေးချယ်ရေးအဖွဲ့မှ ဆက် သွယ်ပြီး စွမ်းဆောင်ရည်ရှိသူများအား အလျှင်အမြန်ရွေးချယ်တာဝန်ပေး နိုင်သည်အထိ လျှောက်ထားသူများအား စိစစ် ရွေးချယ်ပါမည်။

| | |
|---|---|
| Position | : Project Coordinator (၁) နေရာ |
| Location | : Mandalay Region |
| Report to | : Project Manager |
| **SCOPE of ROLE** | |
| Supervision | : Steering Committee |
| Direct reports | : Field Mobilizers & MEAL Officer |
| Financial Approval | : No Financial Approval |
| Field Ratio<br>Office Ratio | : 50%<br>: 50% |
| **Closing Date** | **: 03-July-2024 (As soon as Possible)** |
| **Salary** | **: 600,000 MMK-** |

**Project Coordinator ၏ အခန်းကဏ္ဍ**

- စီမံချက် နှင့် သက်ဆိုင်သောအခြေအနေများအား စီမံချက်မန်နေဂျာ သို့ အသိပေးဆွေးနွေး ဖြေရှင်းရမည်။
- စီမံချက် ဝန်ထမ်းများအပါအဝင် သက်ဆိုင်သူများနှင့် ချိတ်ဆက်ညှိနှိုင်းပြီး စီမံချက်လုပ်ငန်းစဉ်များအား သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ရမည်။

- ရုံးလုပ်ငန်းဆိုင်ရာ နှင့် မှတ်တမ်းမှတ်ရာများ ပိုမိုစနစ်တကျဖြစ်စေရန်အတွက် စီမံချက်မန်နေဂျာ အား ပံပိုးဆောင်ရွက်ပေးရမည်။
- အဖွဲ့အစည်းအား ကိုယ်စားပြု၍ Networking, Working Group များတွင် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ခြင်းများတွင် တာဝန်ပေးအပ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။
- အထက်ဖော်ပြပါ ကိစ္စရပ်များအား Steering Committee ၏ တိုက်ရိုက်ကြီးကြပ်မှုကိုခံယူပြီးဆောင်ရွက်ရမည်။

**Project Coordinator ၏ လုပ်ငန်းတာဝန်များ**

1. Effective and Efficient implementation with professional နှင့် အညီ ကွင်းဆင်းဝန်ထမ်းများအား ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်း၊ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ခြင်း၊ Field Mobilizer များအား ကြီးကြပ်ပံ့ပိုးကူညီပေးခြင်း (Area တစ်ခုအား အနီးကပ်ကြီးကြပ်သွားရန်)
2. Field Mobilizer များ၏ အစီရင်ခံစာများအား သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ၊ အချက်အလက်ပြည့်စုံမှုရှိမရှိ စိစစ်ခြင်း၊ အကြံပြုခြင်း၊ MEAL Officer ထံသို့ သတ်မှတ်အချိန်အတွင်း ပေးပို့ရမည့် Field နှင့်ပတ်သက်သော အစီရင်ခံစာများနှင့်အချက်အလက်များအား အချိန်မှီရောက်ရှိနိုင်ရန်အတွက် ကြီးကြပ်ခြင်းကြပ်မတ်ခြင်း
3. Field Mobilizer များ၏ လုပ်ငန်းဆောင်ရွက်ချက်အပေါ် စိစစ် တွေ့ရှိချက်များအား စီမံချက်မန်နေဂျာ နှင့် Steering Committee ထံ အချိန်နှင့် တစ်ပြေးညီအသိပေးဆွေးနွေးတင်ပြခြင်းနှင့် လိုအပ်သလိုစီမံခန့်ခွဲခြင်း
4. Field Mobilizers များ| သက်ဆိုင်ရာ စီမံချက်နယ်မြေများရှိ Stakeholders များနှင့်ချိတ် ဆက်ညှိနှိုင်းဆောင်ရွက်မှုများအား စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ ကွပ်ကဲဆောင်ရွက်ခြင်း
5. စီမံချက်လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော စောင့်ကြည့်လေ့လာမှုလုပ်ငန်းများပိုမိုအားကောင်းလာစေရန်အတွက် Project Manager, MEAL Officer, Accountant တို့နှင့်အတူ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်း
6. အဖွဲ့အစည်းမှ ကိုယ်စားပြုစေလွှတ်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများအား တက်ရောက်ပြီး အဖွဲ့အစည်းအတွင်း ပြန်လည်မျှဝေပေးခြင်း၊ မှတ်တမ်းမှတ်ရာများစနစ်တကျထားရှိခြင်း၊ အစီရင်ခံစာရေးသားခြင်းများ ဆောင်ရွက်ခြင်း
7. စီမံချက် ၏သတ်မှတ်ထားသည့် Budget Plan, Work Plan (IPTT) များ နှင့်အညီအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လွဲမှားမှုများမရှိစေရန် Check, Re Check, Counter Check ပုံမှန်စိစစ်လုပ်ဆောင်ခြင်း
8. လစဉ်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအလိုက် မိမိနှင့် သက်ဆိုင်သော အစီရင်ခံစာများ၊ ငွေစာရင်းရှင်းတမ်းများအား စနစ်တကျရေးသားခြင်း။

**အလုပ်လျှောက်ထားသူအတွက် သတ်မှတ်ချက်များ**

- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- Child Rights Governance & Child Development ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံ အနည်းဆုံး(၅) နှစ်ရှိထား သူဖြစ်ရမည်။
- Child Safeguarding Policy, PSEAH Policy များအပါအဝင် အဖွဲ့အစည်း၏ Policy များအား လိုက်နာကျင့်သုံးနိုင်ရမည်။
- Child Rights Governance, Child Participation , Child Rights Reporting, Advocacy, Child Group Forming & Strengthening, Community Mobilization စသည့်ဘာသာရပ်များအား စနစ်တကျ လေ့လာသင်ယူပြီး လက်တွေ့အသုံးချဖူးသူဖြစ်ရပါမည်။

- Communication Skill ကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းသဘောသဘာဝအရ စီမံချက်ဝန်ထမ်းများ နှင့်လည်းကောင်း၊ အဖွဲ့အစည်း၏ တာဝန်ရှိသူများနှင့်လည်းကောင်း၊ Community Members များနှင့်လည်းကောင်း၊ Stakeholders, Service Provide Providers များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ Donor Agency ဝန်ထမ်းများနှင့်လည်းကောင်း စေ့စပ်ညှိနှိုင်း ဆွေးနွေးနိုင်သူဖြစ်ရမည်။
- စီမံချက် မှ သတ်မှတ်ထားသော လုပ်ငန်းအစီအစဉ်များ၊ Budget Line အလိုက် သုံးစွဲမှုများကိုလည်း သက်ဆိုင်ရာ တာဝန်ခံများနှင့်အတူ စိစစ်ခြင်းဆောင်ရွက်နိုင်သူဖြစ်ရပါမည်။
- ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် ပြစ်မှုကျူးလွန်ဖူးထားသူမဖြစ်စေရ။
- ကျားမ လိင်စိတ်တိမ်းညွတ်မှုမရွေးလျှောက်ထားနိုင်သည်။ (ကျားမရေးရာလူမှုစံနှုန်း များအ ပေါ်တွင် အခြေခံပြီး ခွဲခြားဆက်ဆံတက်သည့်အမူအကျင့်ရှိသူမဖြစ်စေရ ။
- အဖွဲ့အစည်း၏ Culture အရလည်းကောင်း၊ စီမံခန့်ခွဲမှု သဘောတရားအရလည်းကောင်း အဖွဲ့အစည်း Steering Committee မှ Check, Re Check and Counter Check ဆောင်ရွက်ခြင်းကို အပြည့်အဝလက်ခံ နိုင်သူဖြစ်ရမည်။

အထက်ဖော်ပြပါ Position အတွက် တာဝန်ယူမည့်သူ၏ အခန်းကဏ္ဍများ၊ လုပ်ငန်းတာဝန်များ၊ အရည်အသွေး သတ်မှတ်ချက်များ လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ကလေးသူငယ်များ နှင့်အမျိုးသမီးများအပေါ် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိကြောင်း ကိုယ်တိုင်မှန်ကန်စွာဝန်ခံချက်၊ ကိုယ်ရေးရာဇဝင်အကျဉ်း(CV Form)၊ ရည်ညွှန်းထောက်ခံချက်ပေး နိုင်မည့်သူအမည် စာရင်း(၂)ဦး (တာဝန်အဆင့်၊ အလုပ်ဌာန၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပတ် အပါအဝင် cfnhrteam@gmail.com သို့ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၃) ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပြီးပေးပို့ လျှောက်ထားနိုင်ပါသည်။ **မသန်စွမ်းသူများလျှောက်ထားမှုအား အထူးပင်ကြို ဆိုပါသည်။ ဖော်ပြပါလစာနှုန်းဖြင့် ဆောင်ရွက်နိုင်သူမည်သူမဆိုလျှောက်ထားနိုင်ပါသည်။**

**လျှောက်ထားသူများအနက် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဟု Staffs Selection Board မှ သတ်မှတ်သူများကိုသာ ပြန်လည်ဆက်သွယ်ပြန်ကြားခြင်း၊ လူတွေ့မေးမြန်းခြင်း ဖြင့်စီစစ်ဆောင်ရွက် ခန့်အပ် သွားပါမည်။ Selection Board ၏ ပဏာမ ရွေးချယ်မှုစာရင်းတွင် မပါဝင်သူများအား ပြန်လည်ဆက်သွယ်မည်မဟုတ်ပါ။**

**Organizational Information**

ဆက်သွယ်ရန်ဖုန်းနံပတ် - ၀၉-၄၂၀၀၃၄၉၃၆
လျှောက်ထားရန်အီးမေးလ် - cfnhrteam@gmail.com
Facebook Page - CFN; Child Development Association